၂-၂ ။

ကာဖီးရှူးန် = ငြင်းပယ်သူ၊ ဖုံးကွယ်သူ rejecters

ဒီစကားကို သိလျှက်နဲ့ ငြင်းပယ်သူ ဖုံးကွယ်သူလို့ ရှင်းလင်းထားတယ်လို့ ကျွန်တော်နားလည်ရပါတယ်။ ဒါဆို မသိသေးတဲ့သူမို့ ငြင်းခုံနေတဲ့သူ မယုံကြည်သေးသူ (ကျွန်တော်ပေါ့ဗျာ) ကရော ဝင်ခွင့်ရှိပါသလား၊

ကျွန်တော်လဲ ပရမတ်ဘုရားမှ အပ အခြားဘုရားမရှိ၊ မုဟမ္မဒ်သည် ဉာဏ်စဉ်တော်ဆောင်ဖြစ်သည်လို့ ပြောမှသာ ဝင်ခွင့်ရှိမှာပါ။

ဒါကြောင့် unbelievers မယုံကြည်သေးသူ လို့ ဘာသာ ပြန်ကြတာ မှန်မယ်လို့တော့ ထင်ပါတယ်။

ဥပမာ ကိုယ်လက်ထဲက အဖြူရောင်ကို သူများက မမြင်မသိ (နားမလည်) ပဲ ဘယ်လိုလုပ် ကိုယ်ပြောတဲ့ အဖြူကို လက်ခံမှာလဲ၊ ကိုယ်တိုင် မြင်တယ် (နားလည်) သွားမှသာ အဖြူရောင်ကို လက်ခံမှာပေါ့။ အဲလို မမြင်သေး သူကို ငြင်းပယ်သူ ဖုံးကွယ်သူလို့တော့ မပြောဘူးထင်ပါတယ်။

ကျွန်တော့လက်ထဲမှာ ရှိတာ အဖြူဆိုတာကို အဲဒီသူက မယုံကြည်သေးတာပါ။ (ကျွန်တော်ကပြပေမယ့် သူက နားမလည်နိုင်တဲ့ သူမျိုး ဥပမာ အရောင်ကန်းနေရင် color blind ဆိုပါတော့၊ သူ့ကို ငြင်းပယ်သူလို့ ပြောမရ သလိုပါပဲ)-

ဥပဒေကို ပြင်ပေးဖို့ ကျွန်တော်လဲ မတောင်းဆိုပါဘူး။ ရှင်းပါတယ် ကိုယ့်အိမ်ကို ကိုယ့်စည်းကမ်း သတ်မှတ် ချက်နဲ့ ပြည့်စုံမှ ပေးဝင်မှာပေါ့။ ကိုယ့်စည်းကမ်းကို မကြိုက်ရင် မဝင်နဲ့။ ဒါပါပဲ. အခုလဲ ကျွန်တော်က ဒီစည်းကမ်းကို မကြိုက်ရင် မဝင်ရုံပါပဲ၊ ချမှတ်ထားတဲ့ စည်းကမ်း ဥပဒေကို မပြင်ခိုင်းပါဘူး။ အခု ဟာဂျ်ကို ဝင်ဖို့လဲ ဒီလိုပါပဲ။

Color blind ဆိုတာကို ဘယ်လို သတ်မှတ်ပါသလဲ။ အစ္စလာမ်ကတော့ အသိဉာဏ် မဖွံ့ဖြိုးသေးတဲ့ ကလေး သူငယ် အရွယ်ကိုသာ အရောင်မဲ့၊ သို့မဟုတ် အရောင်အ နေသူလို့ သတ်မှတ်ပါတယ်။ အဲ့ဒီကလေးတွေက မိဘ၊ အုပ်ထိန်းသူနဲ့ အတူ ဟာ့ဂျ်ကို လိုက်ပါသွားခွင့် ပြုပါတယ်။ ဒါပေမယ့် လူဦးရေထူထပ်မှု၊ ကျန်မာရေးအရ စိတ်ချရမှု မရှိရင်တော့ အခြေအနေ အချိန်ကာလပေါ်မှာ မူတည်ပြီး သက်ဆိုင်ရာ ဝေါပကတွေက စည်းကမ်းထားပေးလေ့ ရှိပါတယ်။ ဥပမာ- လွန်ခဲ့တဲ့ နှစ်က တစ်ကမ္ဘာလုံးမှာ ဝက်တုတ်ကွေးရောဂါ ကူးစက်မှုရှိတော့- ကမ္ဘာအရပ်ရပ်က လာတဲ့ လူတွေမှာ ကူးစက်ရောဂါလာနိုင်လို့ အသက် ၆၀ ကျော် လူကြီးများနဲ့ အရွယ်မရောက်သေးတဲ့ ကလေးများ ကို ဟာ့ဂျ်ကို မလာဘို့ တားမြစ်လိုက်ပါတယ်။ ဒါက အခြေအနေ အချိန်အခါပေါ် မူတည်ပြီး စည်းကမ်းချမှတ်တာ ပါ။

အစ္စလာမ်က အရွယ်ရောက်ပြီး- အသိဉာဏ်တစ်စုံတစ်ရာ ရှိပြီဆိုတာနဲ့ သူ့ကို Color Blind လို့ မသတ်မှတ်ပါဘူး။ ဥပမာ ရှူပက ဗုဒ္ဓဘာသာကို ဘယ်လို သက်ဝင်ယုံကြည်ပါလဲ။ Color Blind နဲ့ ယုံကြည်နေတာလား။ အလားတူ ပဲ အခြားသော ခရစ်ယာန် တစ်ယောက်ကို ဒီစကားကို မေးမယ်၊ သို့မဟုတ် ဘာသာတရားမဲ့ အဖြစ် ခံယူသူ တစ်ဦးကို အဲ့ဒီလို မေးမယ်- ဆိုရင် သူတို့က ဟုတ်ပါတယ်။ ကျွန်တော်တို့က အယူအဆ တစ်ခုကို Color Blind နဲ့ ထင်ရာမြင်ရာ လက်ခံနေတာပါလို့ ဖြေမှာလား။ ဘယ်သူမှ ဖြေမှာ မဟုတ်ဘူးထင်တယ်။ ဒါကြောင့် ယုံကြည်မှု တစ်ခုခု သို့မဟုတ် ခံယူမှု တစ်ခုခု ကို လက်ခံပြီးသား သူတိုင်းဟာ Color Blind မဟုတ်ပါဘူး။

အကြောင်းအရာ တစ်ခုကို မသိခဲ့သေးသူ၊ သိလျှက်နဲ့ လက်မခံငြင်းပါယ်သူ၊ သို့မဟုတ် သိနေလျှက် မိမိကိုယ်တိုင် လည်း လက်မခံ သူများက သိပြီး လက်ခံသွားမှာကို ကြောက်လို့ ဖုံးဖိထားသူ၊ ရိုးရိုးသားသား လက်ခံသူနဲ့ လက်ခံ ဟန်ဆောင်သူ ဆိုတာပဲ ရှိပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဗုဒ္ဓဘာသာနဲ့ မပတ်သက်တဲ့ လူစိမ်းတစ်ယောက်၊ ဘုန်းကြီးကျောင်းခြံထဲကို ဖိနပ်မချွတ်ဘဲ ဝင်လာတယ်။ သူဟာ ရည်ရွယ်ချက်နဲ့ ဖိနပ် စီးဝင်ခဲ့ခြင်း မဟုတ်၊ ဖိနပ်ချွတ်ရမယ်ဆိုတဲ့ ပညတ် အကြောင်းတရားကို သူမိခဲ့ခြင်း ဖြစ်တယ်။ သူ့ကို ခွင့်လွှတ်တယ် (ဒီလို လူအမျိုးအစားကို **ဗေဒီးန်** လို့ ခေါ်ပါတယ်)။ ဖိနပ်ချွတ်ရမယ်လို့ သူ့ကို သတိပေးတယ်၊ သတိပေးခံရတဲ့အတွက် သူက သိသွားပြီး- အဲ့ဒါကို လက်မခံဘူး၊ ငြင်းပယ်တယ် ဆိုရင် သူ့မှာ အပြစ်ရှိတယ်။ ဗုဒ္ဓဘာသာနဲ့ မပတ်သက်တဲ့ လူစု တစ်စု ဘုန်းကြီးကျောင်းကို ဝင်လာတယ်။ အဲ့ဒီသူတွေက ဖိနပ် မချွတ်မိဘူး- ဒါပေမယ့် အဲ့ဒီ အထဲမှာ ဖိနပ်ချွတ်ရ မယ်ဆိုတာကို သိနေတဲ့ သူတစ်ဦးပါတယ်။ အဲ့ဒီလူက ဖိနပ်ချွတ်ပါဆိုတဲ့ ပညတ်ကို မနာခံချင်ဘူး- ဒါကြောင့် ဖိနပ်ချွတ်ပါလို့ ပညတ်ထားတဲ့ ပညတ်ကို သူကိုယ်တိုင်က မသိချင်ဟန်ဆောင် နေတယ်၊ အခြားသူတွေကိုလည်း အသိမပေးဘူး- ဆိုရင် ဒီလို လူမျိုးမှာ အပြစ်ရှိတယ်။ (ဒီလို လူအမျိုးအစားကို **ကာဖီးရှုန်** လို့ခေါ်ပါတယ်။) ပညတ်စည်းကမ်းတစ်ခုကို သိတယ် ရိုးရိုးသားသား လိုက်နာတယ်- (ယုတ္တိတန်၏ မတန်၏ ဆိုတာကို မလိုက်နာမီ လေ့လာခွင့်ရှိတယ်- ဒီအဆင့်မှာမှ ယုံကြည်မှု၊ မယုံကြည်မှုကို ခွဲခြားပါတယ်။) အဲ့ဒီ လူအမျိုးအစားကို နာခံသူ၊ ပြဿနာ မရှာဘဲ ငြိမ်းငြိမ်းချမ်းချမ်းနေချင်သူ (**မူဆလင်**လို့) ခေါ်တယ်။ ပညတ်စည်းကမ်းတစ်ခုကို သိတယ်၊ စိတ်ထဲက မယုံ ကြည်ဘူး ဒါပေမယ့် လက်ခံချင်ဟန်ဆောင်တယ်။ အဲ့ဒီ လူအမျိုးအစားက အကုသိုလ်သင့်တယ် ဒီလိုလူမျိုးကို (အတွင်း သူလျှို **မိုနာဖက်** လို့ ခေါ်ပါတယ်)။

ဟာ့ဂ်ျပြုမယ့် ပရဝုဏ်မှာ ပရမတ်ဘုရားရှင်မှ အပ အခြား ဘုရားမရှိ၊ မုဟမ္မဒ်သည် ဉာဏ်စဉ်ဆောင် ဖြစ်၏ ဆိုတာကို လက်ခံရန် ငြင်းဆန်သူများ (ကာဖီးရှုန်) များ မဝင်ရ- ဆိုတာကို မသိသူ မရှိအောင် ဆိုင်းဘုတ်တွဲထားတယ်။ ကမ္ဘာသိအောင် ကြေငြာထားပါတယ်။ ဒီတော့ အဲ့ဒီ ဥပဒေနဲ့ ပတ်သက်လို့ Color Blind ဖြစ်မယ့်သူ မရှိနိုင် ဘူးလေ၊ (အရွယ်မရောက်သေးတဲ့ ကလေးတွေမှ အပပေါ့)။ Color Blind ဖြစ်နိုင်တာက ပရမတ်ဘုရားရှင်ကို မသိသေးတာ၊ မုဟမ္မဒ်သည် ဉာဏ်စဉ်ဆောင် ဟုတ် မဟုတ်ကို မသိသေးတာ ပဲ ဖြစ်နိုင်ပါတယ်။

ဒီတော့- ရှုပက်ို တစ်ခုမေးပါရစေ- ရှုပက ဗုဒ္ဓဘာသာ ဆိုရင် ကိုယ်တော်ဂေါတမကို သဗ္ဗညုဉာဏ် သို့မဟုတ် တေဝိဇ္ဇ (သိခြင်း သုံးပါး) ဆွတ်ခူးရရှိသူလို့ ဘယ်လို အထောက်အထားနဲ့ ယုံကြည်ထားပါသလဲ။ ကိုယ်တော်ဂေါတမ ကို အဲ့ဒီလို ဉာဏ်စဉ်ရရှိထားသူလို့ လက်ခံယုံကြည်လို့ သူပြောတဲ့ နိဗ္ဗာန် ဆိုတာကို မမြင်ရဘဲ ယုံကြည်တာမဟုတ်လား။ ဒီတော့ ရှုပက ကိုယ်တော် ဂေါတမကို ယုံကြည်နိုင်ဘို့ ဘာတွေကိုများ စောကြောခဲ့ပါလဲ။ သိခွင့်ရှိရင်ပေါ့လေ။

သိပ်သိချင်လွန်းရင်တော့ လိမ်ပြီးဝင်ရမှာပေါ့။ (မယုံသေးခင်ဝင်ဖို့ ဒီတလမ်းပဲရှိတော့တာကိုး )

အဲ့ဒီလို ဝင်ခဲ့တဲ့ သူတွေကို မိုနာဖက်တွေ လို့ခေါ်ပါတယ်။ အစ္စလာမ့် သမိုင်းမှာ အများကြီးပါ။ ကျွန်တော်ကတော့ ရှုပကို ဓမ္မမိတ်ဆွေ တစ်ဦးအနေနဲ့ မိမိကိုယ်မိမိ လိမ်လည်ခြင်း အကုသိုလ် သင့်သူ မဖြစ်စေချင်ပါဘူး။ ဘာသာတရား တစ်ခုက ချမှတ်ထားတဲ့ စည်းကမ်း ဥပဒေကို ကြိုက်ရင် လက်ခံတယ်၊ မကြိုက်ရင် လက်မခံဘူးဆိုတဲ့ သတ္တိရှိပြီး ပြတ်သားသူ တစ်ဦးပဲ ဖြစ်စေချင်ပါတယ်။ မိမိရဲ့ သားမြေး-လက်ထက်မှာလည်း သူတို့ရဲ့ ဘ၊ ဘိုးဖြစ်တဲ့ လူဟာ လူလိမ်တစ်ဦး ဖြစ်တယ်ဆိုတာ- ဂုဏ်သိက္ခာ ပျက်ရတာပေါ့ဗျာ။ ကိုယ်တော်ဂေါတမကို ကာလမသုတ် တော်အဆုံးအမ အတိုင်း မျက်ကန်းယုံ မဟုတ်ဘဲ ဆင်ခြင်သိနဲ့ ဉာဏ်စဉ်တော် ဆိုက်မြိုက်ရရှိသူလို့ လက်ခံနိုင်ရင် ကိုယ်တော်မုဟမ္မဒ်ကိုလည်း ဉာဏ်စဉ်ဆောင် အဖြစ် လက်ခံနိုင်အား ရှိလိမ့်မယ်လို့ ထင်ပါတယ်။ အဲ့ဒီလို ဆိုရင် ဟာ့ဂ်ျကို ဝင်ထွက်ဘို့ အတွက် အကုသိုလ် မသင့်တော့ဘူးပေါ့။

၁။ ပရိဝါသ့် ပြုခြင်းဟာ ရဟန်း များနဲ့သာသက်ဆိုင်လို့ စည်းကမ်းတင်းကျပ်ရင်လဲ လူအများ မလေ့လာရရင်လဲ ကိစ္စမရှိပါဘူး။

ဟာ့ဂ်ျလည်း အလားတူပါပဲ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

(ပရိဝါသ်ပြုတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း မပြုလုပ်ကြပါဘူး၊ ရဟန်းခံရှင်ပြုကိုတော့ လုပ်ကြပါတယ်။ အများနဲ့ သက်ဆိုင်တဲ့နေရာမှာ အများလေ့လာနိုင်ပါတယ်) ဒါပေမယ့် ဟာဂျ်ပြုခြင်းကတော့ ရဟန်းခံခြင်း အဆင့် (ဘာသာဝင်တိုင်း) ကျင့်အပ်သော ကိစ္စဖြစ်သောကြောင့် သိဖို့ လိုမယ်ထင်လို့ အခုလို လေ့လာတာပါ။ ( ဒါကြောင့်ပဲ ကျွန်တော်ဒီမေးခွန်းကိုမေးတာပါ၊ စည်းကမ်းများ မတူရုံနဲ့ အပြစ်တင်ချင်လို့ မဟုတ်ပါဘူး)

အစ္စလာမ်ဘာသာဝင်တွေလဲ လေ့လာချင်ရုံ သက်သက်နဲ့ ဟာဂျ်မပြုပဲ ဝင်တဲ့သူရှိသလား ဆိုတာလေးတော့ သိချင်ပါသေးတယ်။ ရှင်းပြချက်များအရတော့ အစ္စလာမ်ဘာသာဝင်တွေလဲ လေ့လာရုံမဝင်ဘူးလို့တော့ ထင်ရပါတယ် သေချာသွားအောင်မေးတာပါ။
ဟာ့ဂျ်က ရဟန်းခံ ရှင်ပြုတဲ့ သဘောထက် ကျော်လွန်ပါတယ်။ ဗုဒ္ဓဘာသာဝင်များ အတွက် မဖြစ်မနေရှင်ပြုရမယ်လို့ ပညတ်မရှိပေမယ့်- သားတော် ရာဟုလာကို ကိုယ်တော်ဂေါတမက သာသနာ အမွေပေးခြင်းဆိုတဲ့ အကြောင်းပြချက်နဲ့ ရှင်ပြုတာကို အစဉ်အလာ အဖြစ် ပြုလုပ်ထား သလို၊ အစ္စလာမ်မှာလည်း ဟာ့ဂျ်ကို အစဉ်အလာအဖြစ် ခံယူထားသူတွေ ရှိပါတယ်။ ဒါပေမယ့် ဟာ့ဂျ်က ပရိဝါ့သ် ပြုသလို တာဝန်တွေကြီးပါတယ်။ ဒါကြောင့် ဟာ့ဂျ်ပြုရန် အတွက် စိတ်ပြဌာန်းထားချက် လိုကြောင်း ၂း၁၉၇ မှာ ပညတ်ထားသလို၊ သွားလာနိုင်သူ (ထိုပြဌာန်းထားချက်အား လိုက်နာဆောင်ရွက်နိုင်သူ)များသာ သွားလာဘို့ ၂း၁၉၆ မှာ ပညတ်ထားပါတယ်။ မူဆလင်ဖြစ်ရင် သွားကို သွားရမယ်လို့ ပညတ်ထားတာ မရှိပါဘူး။ ဟာ့ဂျ် မပြုဘဲ လေ့လာယုံ သွားလာတဲ့ လူလို့တော့ ကျွန်တော်ကိုယ်တိုင်လည်း မကြားမိပါဘူး။ ဒါပေမယ့် လာတဲ့ လူတိုင်းမှာတော့ စိတ်ခံစားချက်နဲ့ အတွေးအခေါ် တူနိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီ ဟာ့ဂျ်ပြုလုပ်နေတဲ့ ဓါတ်ပုံတွေ၊ ဗွီဒီယိုတွေက သတင်းအဖြစ် ထွက်နေတော့ မှတ်တမ်းတင်တဲ့ လူတွေ၊ စူးစမ်းတဲ့ လူတွေ ရှိနေတာတော့ သေချာပါတယ်။ ဒါကိုတော့ ပိတ်ပင်တားမြစ်ထားတာ မရှိပါဘူး။
ဟာ့ဂျ် ဆိုတာ စုပေါင်းဒုလ္လဘခံ၊ ပရိဝါ့သ်ပြုတာ ဖြစ်ပြီး။ ဟာ့ဂျ်ပြုရမယ့် သတ်မှတ်ကာလ အပြင် အခြားသော ရက်တွေ လတွေကို တစ်သီးပုဂ္ဂလ ဒုလ္လဘခံ ပရိဝါ့သ် ပြုတဲ့နေ့တွေ အဖြစ် နှစ်ပတ်လည် သတ်မှတ်ထားပါ တယ်။ အဲ့ဒါကို အွမ္မရာဟ် လို့ ခေါ်ပါတယ်။ ဒါ့ကြောင့် ကအ်ဗကျောင်းတော် ပရဝုဏ်ဟာ ပရိဝါ့သ်ပြုရာ ပရာဝုဏ် အဖြစ်သာ သတ်မှတ်ထားတဲ့ နေရာ ဖြစ်ပါတယ်။ အဲ့ဒီမှာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို မဆန့်ကျင်ရင် ဝင်ရောက် ပရိဝါ့သ် ပြုလို့ ရပါတယ်။

၁။ ဝင်ခွင့် ကိစ္စကို ထားလိုက်ပါတော့။ ဒါဆိုရင် ဟာဂျ်ပြုလုပ်ခြင်းကို သိလိုပါတယ်။ အဲဒီနေရာမှာ ဘာတွေကို ဘယ်လို ပြုလုပ်ကြပါသလဲ။ အကြမ်းအားဖြင့် ဆံပယ်ရတာ မေထုန်ရှောင်ရတာ တို့ကို သိပါတယ်။ ဟာဂျ်ပြုခြင်းရဲ့ စည်းကမ်းများကို သိလိုပါတယ်။ အသေးစိတ်ပေါ့။ ကျမ်းထဲမှာ ပြောထားရင်လဲ အညွှန်းနဲ့သွားဖတ်ဆိုရင်လဲ သွားဖတ်ရတာပေါ့။
(မြင်ခွင့်မရတော့လဲ ရှင်းပြတာပဲဖတ်ရမှာပေါ့ နော်)
ဟာ့ဂျ်ပြုရန် ဆင့်ဆိုခြင်းရဲ့ ရည်ရွယ်ချက်များကို ၂၂း၂၅- ၄၀ မှာ တွေ့နိုင်ပါတယ်။
(၁) လူလူချင်း မခွဲခြားတဲ့ စိတ်တွေကို ဝင်လာစေဘို့ ၂၂း၂၅။
(၂) ဘာသာတရားကို အယူသန့်သန့်ဖြင့် ကိုးကွယ်တတ်စေဘို့၊ ရုပ်ပွားဆင်းတုများ ကိုးကွယ်ဆည်းကပ်ခြင်းမှ ကင်းရှင်းတဲ့ အလေ့အကျင့်တွေ ဝင်လာစေဘို့ ၂၂း၂၆။
(၃) ရပ်ဝေး ရပ်နီးမှ အယူသန့်သော မည်သူမဆို ပူးပေါင်းပါဝင်တတ်စေဘို့။ ၂၂း၂၇
(၄) အလှူကြီး အဒါန်းကြီး ပြုလုပ်တတ်တဲ့ အလေ့အကျင့်တွေ ဖြစ်စေဘို့။ ၂၂း၂၈

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

(၅) မိမိကိုယ်မိမိ စင်ကြယ်သန့်ရှင်းရန် လေ့ကျင့်တတ်စေဘို့ ၂၂း၂၉
(၆) ဘေးမဲ့ပေးခြင်းနှင့် အလှူဝတ္ထုသားကောင်များကို သီးခြား စီမံတတ်စေဘို့။ နိမ့်ကျသည့် ကိုးကွယ်ခြင်းများဖြစ်သော ယဇ်ပူဇော်ခြင်းများမှ ရှောင်ကြဉ်တတ်စေဘို့။ ၂၂း၃၀ (ဆိုလိုတာက အလှူအဒါန်းကြီး ပြုလုပ်တာမှာ အသားဝတ္ထုကို အလှူထည် အဖြစ် ပြုလုပ်နိုင်သော်လည်း ထိုအလှူထည်ကို ယဇ်ပူဇော်ခြင်း မဖြစ်စေရန် နည်းနာယူတတ်စေဘို့)
စသည်ဖြင့် သုတ်တော် (၄၀) ထိဖတ်ပါ။ တစ်ချက်ချင်း ရည်ရွယ်ချက်နဲ့ အဓိပ္ပါယ်တွေကို တွေ့ရပါလိမ့်မယ်။
၂၂း၄၀ မှာတော့- အဓိကသော့ချက်ကို ပြောထားပါတယ်။ မည်သည့်ဘာသာမှ မဆို အထွဋ်အမြတ်ထားရာ ဘုရားကျောင်းကန်များကို လေးစားတန်ဘိုးထားတတ်စေဘို့နဲ့ အဲ့ဒီလို လေးစားတန်ဘိုးထားတတ်ခြင်းရဲ့ ရည်ရွယ်ချက်က- **ဘာသာတရား ဆိုသည်ကို တန်ဘိုး ထားတတ်စေဘို့ ဖြစ်ပါတယ်။**
**၂။ နောက် အဲဒီနေရာမှာ လေးထောင့်ကျကျ အမည်းရောင် အဆောက်အဦးကို ဗဟိုထားပြီး အားလုံးကဝိုင်းရံ ကာဝတ်ပြုကြပါတယ်။ အဲဒီရဲ့ အဓိပ္ပါယ်များ ရည်ရွယ်ချက်များကိုလဲသိလိုပါတယ်။**
လေးဒေါင့်ကျကျ အမည်းရောင် အဆောက်အဦးကို- ၃း၉၅ နဲ့ ၂၂း၂၉ မှာ ရှေးဟောင်း အိမ်တော်လို့ ပြောပါ တယ်။ အဲ့ဒီ အိမ်တော် ဆိုတာကို ၂း၁၂၇ မှာ ကိုယ်တော် အီဗရာဟီးမ်တို့ သားအဖက ပြန်လည် ပြုပြင်ခဲ့ပါ တယ်။ အဲ့ဒီ အိမ်တော် (သို့မဟုတ်) ကျောင်းတော်မှာ ဉာဏ်စဉ်ဆောင်များ အဆက်ပြတ်တဲ့ ကာလများမှာ ရုပ်ပွားဆင်းတုတွေက နေရာယူပြီး အမျိုးမျိုးသော ကိုးကွယ်မှုတွေကို စီမံထားခြင်း ခံရပါတယ်။ ဒီလို စီမံထားခြင်း မျိုးကို ဖျက်သိမ်းပြီး ရုပ်ပွားဆင်းတု ကင်းသန့်တဲ့ အိမ်တော် သို့မဟုတ် ကျောင်းတော် အဖြစ်ထားဘို့ ကိုယ်တော် အီဗရာဟီးမ်တို့ သားအဖကို ဉာဏ်စဉ်ကိန်းသက်ခံရပါတယ်။ သူတို့သားအဖက အဲ့ဒီအတိုင်း ဆောင်ရွက်ခဲ့တယ်လို့ အထက်ဖေါ်ပြပါ ကျမ်းချက်တွေမှာ ပါပါတယ်။
ကိုယ်တော် မုဟမ္မဒ်ပွင့်ဟာ အခြားဉာဏ်စဉ်ဆောင်များထက် တစ်မူထူးပြီး ပွင့်ပေါ်လာတဲ့ ဉာဏ်စဉ်ဆောင် ဖြစ်တယ်လို့ ကုရ်အံရဲ့ ဘယ်နေရာမှာမှ ဆိုမထားပါဘူး။ ရှေးဉာဏ်စဉ်ဆောင်များ ပွင့်ပေါ် သွန်သင်ခဲ့တဲ့ သစ္စာတရားတွေကို ဉာဏ်စဉ်ဆောင်တွေ ပရိနိဗ္ဗာန်ပြုပြီး ကာလကြာလာရင် နောက်ပိုင်း တပည့်ဆက်ဆက် လက်မှာ သစ္စာတရားတွေကို ဖွင့်ဆိုရင်း၊ ချဲ့ကားရင်း မူရင်းတွေ ပျောက်ဆုံး လာရတယ်။ နောက်ဉာဏ်စဉ်ဆောင် တစ်ပါး ပွင့်ပေါ်ပြီး သစ္စာတရားကို လူသားများအတွက် ပြန်လည် ဖေါ်ပြတယ်။ အဲ့ဒီနည်းအတိုင်းပဲ ကိုယ်တော် မုဟမ္မဒ်ဟာ ပွင့်ပေါ်ခဲ့တဲ့ ဉာဏ်စဉ်ဆောင် တစ်ပါးဖြစ်ပါတယ်။ ကိုယ်တော်သည် နောက်ဆုံးပွင့် ဉာဏ်စဉ်ဆောင် သတင်းဆောင် ဖြစ်တယ်လို့သာ ကြေငြာပါတယ်။ ၃၃း၄၀။ ကိုယ့်တော့လက်ထက်မှာ လူသားများအတွက် သာသနာလမ်းစဉ်ဆိုတာ ပြည့်စုံသွားပြီလို့ ၅း၃ မှာ ကြေငြာပါတယ်။
ကိုယ်တော့လက်ထက်မှာ ရောပွန်းကိုးကွယ်ရာ အဖြစ် ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကိုးကွယ်ပသနေတဲ့ ရုပ်ပွားဆင်းတုများအားလုံးကို ဖျက်သိမ်းလိုက်ပါတယ်။ အဲ့ဒီ ကာအ်ကျောင်းတော် (အဆောက်အဦး အမည်း) ထဲမှာ သာသနာမှေးမှိန်ကွယ်ပျောက်ခဲ့စဉ်က တည်ထားခဲ့တဲ့ ရုပ်ပွားဆင်းတု အားလုံးကိုလည်း ဖျက်သိမ်းလိုက်ပါတယ်။ အဲ့ဒီ ခေတ်က ရှေးဘာသာဝင်တွေရဲ့ ဘုန်းကြီးရဟန်း သာသနာ့ ဦးသျှောင် အားလုံးကို ဆင်းတုပြုလုပ်ပြီး အဲ့ဒီ ကျောင်းတော်ထဲမှာ ထားခဲ့တာပါ။ ဒါတွေ အားလုံးကို ဖျက်သိမ်းလိုက်ပါတယ်။ ကိုယ်တော်ကိုယ်တိုင်လည်း သူ့ရုပ်ပုံ၊ ဆင်းတုကို ထုလုပ် တည်ထား အမြတ်တနိုးထားခွင့် မပြုခဲ့ဘူး။ အဲ့ဒီကာစ နောက်ပိုင်း သူ့ရဲ့ ရုပ်ထုဆိုပြီး ကိုးကွယ်မှားတွေ ဖြစ်လာမှာကို ကြိုတင်တားမြစ်ခဲ့ပါတယ်။
သစ္စာဓမ္မဖြစ်တဲ့ ကုရ်အံကျမ်းတော်ကိုလည်း ခိုင်မာစွာ ပြုစုထားခဲ့ပါတယ်။------ ဒါတွေက အဆောက်အဦး အမည်းရဲ့ သမိုင်းပါ။ လေးဒေါင့်ဖြစ်နေတာကတော့ ရှေးနှစ်ပေါင်းများစွာက ဗိသုကာ ဒီဇိုင်းပုံလို့ ပြောပါရစေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အဲ့ဒီ အဆောက်အဦးကို မူဆလင်များ ဦးတည်ရတဲ့ အကြောင်း-
ကုရ်အံ သီအိုရီအရ ရည်ရွယ်ချက် (၂)ကို တွေ့ရပါတယ်။
(၁) တစ်ကမ္ဘာလုံးမှာ ရှိတဲ့ အစ္စလာမ် သာသနာ၀င်တွေကို ဦးတည်ချက်တစ်ခုတည်းကို ဘုံ သတ်မှတ်ပြီး ညီညွတ်စေဘို့။ ၂း၁၄၉၊၁၅၀။
(၂) လူသားတွေ အနေနဲ့ မိမိရဲ့ ဇာတိမြေက အခြားအရပ်များသို့ ထွက်ခွာ၍၊ မည်မျှပင် ကောင်းစားကြီးပွား နေစေကာမူ ဇာတိမြေ၌ ကျန်နေခဲ့ရသည့် ဆင်းရဲဒုက္ခရင်ဆိုင်နေရသူများကို ပြန်လည် ကြည့်ရှုကူညီဘို့နဲ့ ဇာတိမြေကို မမေ့ဘဲ ချစ်တတ်စေဘို့ ဖြစ်တယ်။ ၂း၁၄၄
၂း၁၄၄ ရဲ့ ရည်ရွယ်ချက်နဲ့ သမိုင်းကို နည်းနည်း ရှင်းပါရစေ၊ ကိုယ်တော်မုဟမ္မဒ်ဟာ ဇာတိမြေ ဖြစ်တဲ့ မက္ကာဟ် (ကျောင်းတော် တည်ရှိရာ ဒေသ)က အခြားဒေ လွတ်မြောက်ရာကို တိမ်းရှောင်ခဲ့ရတယ်။ ကိုယ်တော် ပြန်လည် အခြေချရာ ဒေသ မဒီနာမြို့မှာ ကိုယ်တော်နဲ့ သာ၀ကတွေက သာသနာရေး အယူ၀ါဒရေးမှ အောင်မြင်လာတယ်။ ခေတ်စကားနဲ့ ပြောရရင် နောက်ဆုံး ကောင်းစားသွားတယ်။ အဲ့ဒီအခါမှာ ကိုယ်တော်ဟာ ဇာတိမြေမှာ ကျန်နေခဲ့ရတဲ့ သစ္စာတရားကို ချစ်မြတ်နိုးသူ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံနေရသူတွေအတွက် သောကဖြစ်တယ်။ ဒီအတွက် မက္ကာဟ်မြို့ကို တမ်းတမိတယ်။ ဒီအချိန်မှာ မက္ကာဟ်မြို့သားတွေကို ဒုက္ခအပေါင်းက ကယ်တင်ဘို့ ဉာဏ်စဉ်ကိန်း၀ပ်ခဲ့တယ်။ ကိုယ်တော်ဟာ သူ့ထံမှာ ကိန်း၀ပ်ရာ ဉာဏ်စဉ်တိုင်းကို ဟောယုံဟောခဲ့တာ မဟုတ်ပါဘူး။ လက်တွေ့ကျင့်ဆောင်ပြသွားတာချည်း ဖြစ်ပါတယ်။ ဒီအတွက် ကိုယ်တော်က မက္ကာဟ်ဘက်ကို ပြန်လည် ဦးတည် ခဲ့တယ်။ ဒီသွန်သင်ချက်ဟာ ပညာယူတတ်သူအတွက် အလွန်ပညာယူဘို့ ကောင်းပါတယ်။
ဥပမာ- ကျွန်တော် အပါအ၀င်ပေါ့ဗျာ- မြန်မာနိုင်ငံထက် သာလွန်ကောင်းမွန်တဲ့ အရပ်ဒေသတွေမှာ တစ်စုံတစ်ရာ အဆင်ပြေနေပါတယ်။ အိမ်ကောင်းကောင်း၊ ကားကောင်းကောင်းနဲ့ နေနိုင်တယ်။ ဒေါ်လာတွေ ရှာနိုင်တယ်။ ပညာဗဟုသုတတွေကို လွတ်လပ်ကျယ်ပြန့်စွာ ဆည်းပူးနိုင်တယ်။ ကျွန်တော်က ဇာတိမြေ မြန်မာနိုင်ငံကို ချစ်ရမှန်း မသိ၊ ဘယ်သူသေသေ ငတေမာ ပြီးရော စိတ်မျိုးထားလိုက်ရင် လောကအမြင်အရ ဒီထက် အဆပေါင်းများစွာ ချမ်းသာသွားနိုင်ပါတယ်။ ဒါပေမယ့်- ကုရ်အံက ခွင့်မပြုဘူးဗျာ။ ဇာတိမြေမှာ ကျန်နေတဲ့ ငွေကြေး၊ ဗဟုသုတ၊ အတွေ့အကြုံ၊ နွမ်းပါးသူတွေကို ပြန်လည်စောင်မကြည့်ရှုရမယ်၊ ဖေးမပေးရမယ်လို့ ဆိုတဲ့ သီအိုရီကို ဆန့်ကျင်ရင် ကာဖီးရူးန် ဖြစ်သွားမှာပေါ့။ ဒီလိုကြည့်ရှုစောင်မရမယ်ဆိုတာ လူမျိုးစွဲ ဘာသာစွဲကို မူတည်လို့ မဟုတ်ရဘူး၊ မိမိကိုယ် ဖြစ်တည်စေခဲ့တဲ့ ရေ၊မြေ ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ပဲ ဖြစ်ရပါမယ်။ အဲ့ဒီ ရေမြေမှာ ရှိတဲ့ လူသားအားလုံးဟာ မိမိရဲ့ညီရင်း အစ်ကိုတွေ ဖြစ်တယ်လို့ ခံယူရမယ်။ သူတို့ ငတ်ရင် ကိုယ်ငတ်တာပဲလို့ ခံစားချက်ရှိရပါမယ်။ သူတို့ရဲ့ သားသမီးတွေ နွမ်းပါးရတာ၊ ကိုယ်သားသမီးတွေ နွမ်းပါးရတာလို့ ခံစားရပါမယ်။

တကယ်တော့ ရုပ်၊နာမ် မရှိတဲ့ ပရမတ်ဘုရားရှင် (အလ္လာဟ်)က အဲ့ဒီ ကျောင်းထဲမှာ စံမြန်းနေတာ မဟုတ်ပါဘူး။ အလ္လာဟ်ကို ရှိခိုးဦးချ ပူဇော်ပသနေဘို့လည်း ကျမ်းတော်မှာ မသွန်သင်ပါဘူး၊ အလ္လာဟ်ကို သိဘို့ ယုံဘို့ပဲ သွန်သင်ပါတယ်။ ကျမ်းတော်ရဲ့ သီအိုရီအရ အလ္လာဟ်ဟာ လူသားတစ်ဦးနဲ့ သူ့ရဲ့ အသက်သွေးကြောထက် ပိုပြီး နီးစပ်တယ်လို့ သွန်သင်ပါတယ်။

တကယ်လို့ လူသားတွေဟာ လ သို့မဟုတ်၊ အခြားဂြိုလ်တစ်ခုကို ပြောင်းသွားကြမယ်ဆိုရင် ကာအ်ဗကျောင်းတော်ကို ဘုံ ထားပြီး ဦးတည်လို့ မရနိုင်တော့ဘူး။ လူသားတိုင်းမှာ လူအုပ်စုတိုင်းမှာ ဦးတည်ချက်ကိုယ်စီ ရှိနေကြမှာပါ၊ အဲ့ဒီအခါ ကောင်းမှုပြုလုပ်ခြင်း ဆိုတဲ့ ဦးတည်ချက်ကို ထားဘို့ သွန်သင်ပါတယ်။ ၂း၁၄၈။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကာအ်ကျောင်းတော်ထဲမှာ ဟိုအရုပ်ရှိတယ်၊ ဒီအရုပ်ရှိတယ်လို့ ပုတ်ခတ်တာမျိုး၊ ကိုယ်တော်ဂေါတမရဲ့ ပုံတော်ကို ဖိနပ်မှာ ဆွဲထားတာမျိုး၊ ဗုဒ္ဓအရက်ဆိုင်လို့ ခေါင်းစီးတပ်ပြီး ဖွင့်လှစ်တာမျိုး၊ မယ်တော် မာရီသခင်မပုံကို ဝတ်ပစ်စလစ်နဲ့ ရေးဆွဲတာမျိုး- ဒီလို အောက်တန်းကျတဲ့ လုပ်ဆောင်မှုမျိုးကို အစ္စလာမ် သာသနာက လက်မခံသလို၊ ဘယ်အစ္စလာမ် သာသနာဝင်မှ မပြုလုပ်ဘူးဆိုတာလည်း ကျွန်တော် အာမခံပါတယ်။

ကျွန်တော် အခုဆွေးနွေးပုံကို ကြည့်ရင် ယုတ္တိဗေဒကို အခြေခံထားတယ်ဆိုတာ သိသာပါတယ်။ ဒါကြောင့်လဲ အခု ဝင်ခွင့်ကိစ္စကို ခဏဖယ်ထားပြီး သိချင်တာကိုပဲ ဆက်မေးပါတော့မယ်။

ကျွန်တော်လည်း ဘယ်မေးခွန်း၊ ဆွေးနွေးချက်ကိုမဆို ယုတ္တိနဲ့ပဲ ယုံချင်၊ ဖြေချင်၊ ဆွေးနွေးချင်ပါတယ်- အခု မေးခွန်း (၅) ထဲက နောင်ဘဝ ဘုံများ အကြောင်းကို ယုတ္တိဗေဒနဲ့ပဲ ဆက်လက် ဆွေးနွေးကြရအောင်ဗျာ။

လေးစားစွာဖြင့်
ထွန်းထွန်းအောင်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com